# ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွက် ဂျပန်နိုင်ငံ၏ စီးပွားရေးအခြေအနေများ အစီရင်ခံတင်ပြခြင်း

၁။ ဂျပန်နိုင်ငံ၊ အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွက် စီးပွားရေးဆိုင်ရာ အချက်အလက်များကို ကိုးကား၍ ဂျပန်နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် စီးပွားရေးအခြေနေများကို အစီရင်ခံပြုစု တင်ပြခြင်းဖြစ်ပါသည်။

(က) **လက်ရှိ ဂျပန်နိုင်ငံ၏ စီးပွားရေး ယေဘုယျအခြေအနေ**

၂။ ကိုရိုနာကပ်ရောဂါပြန့်ပွားနေသည့် အခြေအနေကြောင့် နိုင်ငံ၏ လူမှုစီးပွားရေးအပိုင်း ထိခိုက်မှုများ ရှိနေဆဲဖြစ်သော်လည်း ယခင်လများ၏ အခြေအနေထက် ပိုမိုတိုးတက်လာခဲ့ကြောင်း တွေ့ရပါသည်။ ပုဂ္ဂလိကစားသုံးမှုများသည် မြင့်တက်လာပြီး စီးပွားရေးလုပ်ငန်းပိုင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်မှု ဆက်လက်အားလျော့နေဆဲဖြစ်ကြောင်း တွေ့ရပါသည်။ ပို့ကုန်ကဏ္ဍနှင့် အချို့သောကုန်ထုတ်လုပ်မှုကဏ္ဍအပိုင်းတွင် ပြန်လည် မြင့်တက်လာခဲ့ပါသည်။ စီးပွားရေးလုပ်ငန်းမှ အမြတ်ငွေရရှိမှုသည် ကိုရိုနာကပ်ရောဂါ ဂယက်ကြောင့် သိသိသာသာ ဆက်လက်ကျဆင်းနေဆဲဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်အပေါ် အကဲဖြတ်မှုမှာ တိုးတက်လာကြောင်း တွေ့ရပါသည်။ ထို့အပြင် ပြည်တွင်းအလုပ်အကိုင် အခြေအနေများမှာ ဆက်လက်ကျဆင်းနေဆဲဖြစ်ပြီး စားသုံးကုန်ဈေးနှုန်းများမှာလည်း ရပ်တန့်နေဆဲ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ကာလတိုသုံးသပ်ချက်အနေဖြင့် ဂျပန်နိုင်ငံ၏ စီးပွားရေးသည် အစိုးရ၏ ပြည်တွင်း ကိုရိုနာကပ်ရောဂါ ပြန့်ပွားမှုတားဆီးရေး ထိန်းချုပ်ဆောင်ရွက်မှုများ၊ စီးပွားရေး ပြန်လည် အားကောင်းလာစေရေး မူဝါဒချမှတ်ကာ ပံ့ပိုးဆောင်ရွက်မှုများနှင့် ဘဏ္ဍာရေးပိုင်း ဖြေလျှော့မှုများ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ၏စီးပွားရေး အနည်းငယ် ပြန်လည် ဦးမော့လာပြီး ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်မှုအပိုင်းလည်း ပြန်လည်တိုးတက်လာခဲ့ပါသည်။ သို့သော်လည်း ပြည်တွင်း/ပြည်ပမှ ကပ်ရောဂါကူးစက်မှုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု

အပေါ် သက်ရောက်နိုင်သည့်အချက်နှင့် ဒေသတွင်းနိုင်ငံများ၏ ဘဏ္ဍာရေးနှင့် အရင်းအနှီးဈေးကွက်အခြေအနေများအပေါ် ဆက်လက်စောင့်ကြည့်အကဲဖြတ်ရန် လိုအပ်ပါသည်။

**(ခ) အစိုးရ၏ မူဝါဒချမှတ် ဆောင်ရွက်ချက်များ**


၄။ ဂျပန်အစိုးရသည် ကိုရိုနာဗိုင်းရပ်ကပ်ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ မကြာခဏ ရင်ဆိုင်ကြုံတွေ့ရမြဲဖြစ်သည့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရေး အစီအမံများကို ပြိုင်တူ အကောင်အထည်ဖော်ခြင်းဖြင့် နိုင်ငံသားတို့၏ အသက်ဘဝများ၊ အလုပ်အကိုင်များနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုမှ သက်သာလျော့ပါးစေရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဂျပန်အစိုးရက အဆင့်အတန်းမြင့်မားသည့်နိုင်ငံစီးပွားရေးကို ပုံဖော်ရန်၊ ကိုရိုနာကပ်ရောဂါနှင့် ရင်ဆိုင်နေရချိန်ကာလအတွင်း ပြည်သူပြည်သားများအားလုံး လူနေမှုပုံစံအသစ် (new normal) ကို လက်ခံကျင့်သုံးခြင်းဖြင့် ကပ်ရောဂါသက်ရောက်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ရည်ရွယ်ကာ "Basic Policies for Economic and Fiscal Management and Reform 2020 " ကိုချမှတ်ကာ အကောင်အထည်ဖော်နေပါသည်။

၅။ ထို့အပြင် ဂျပန်အစိုးရသည် "Emergency Economic Measures to cope with the Novel Coronavirus" ဆက်လက် အကောင်အထည်ဖော်ရန် ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ ထပ်ဆောင်းဘတ်ဂျက်တွင် ထည့်သွင်းလျာထားခဲ့ပြီး ပြည်တွင်းနှင့်ပြည်ပတွင် ကိုရိုနာကပ်ရောဂါ ပြန့်ပွားမှုအခြေနေများ၊ ပြည်တွင်းနှင့်ပြည်ပနိုင်ငံများ၏ စီးပွားရေးအလားအလာများ၊ နိုင်ငံသားတို့အပေါ် အကျိုးသက်ရောက်မှုများ စသည်တို့ကို စနစ်တကျ ချင့်ချိန်သုံးသပ်၍ နှောင့်နှေးမှုမရှိစေရန် ကြိုးပမ်းနေပါသည်။ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ၊ နောက်ဆုံးအပတ်အတွင်းကြုံတွေ့ခဲ့ရသည့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံမှုများကြောင့် အစိုးရက "Policy Package towards the Rebuilding of Daily Lives and Livelihoods of the Disaster Victim" ဟူသည့်အမည်ရသည့် ဆောင်ရွက်ချက်များကို အလျင်အမြန် ပြောင်းလဲအကောင်အထည်ဖော်ခဲ့ရပါသည်။

၆။ ဂျပန်ဗဟိုဘဏ်အနေဖြင့်လည်းငွေကြေးဈေးကွက်လည်ပတ်မှု၊ တည်ငြိမ်မှု၊ ခိုင်မာသေချာမှုရှိစေရန် ဘဏ္ဍာရေးကဏ္ဍမှ ပံ့ပိုးမှုများအင်တိုက်အားတိုက်ဆောင်ရွက်နေပါသည်။ အစိုးရကလည်း ဂျပန်ဗဟိုဘဏ်အနေဖြင့် နိုင်ငံအတွင်းဈေးနှုန်းတည်ငြိမ်မှု၊ စီးပွားရေးဆောင်ရွက်ချက်များနှင့် ဘဏ္ဍာရေးအခြေအနေများ အဆင်ပြေချောမွေ့လာစေရေး ရည်မှန်းချက်ကို အောင်မြင်စွာပံ့ပိုးဆောင်ရွက်နိုင်ရန် မျှော်လင့်ထားပါသည်။

**(ဂ) ဂျပန်နိုင်ငံ၏ ပထမနှင့် ဒုတိယ သုံးလပတ်ကာလအတွက် စီးပွားရေးအခြေအနေ**

၇။ သုံးလပတ်နှိုင်းယှဉ်သုံးသပ်ချက်အရ နိုင်ငံ၏ Real GDP မှာ ပြီးခဲ့သည့် သုံးလပတ် (ဧပြီ-ဇွန်)ကာလအတွင်း ၇.၈% ခန့်ကျဆင်းခဲ့ပြီး နှစ်စဉ်နှိုင်းယှဉ်သုံးသပ်ချက်အရမူ ၂၇.၈ % ခန့် ကျဆင်းခဲ့ကြောင်း တွေ့ရပါသည်။ ဧပြီနှင့် မေလတို့၌ နိုင်ငံအတွင်း အရေးပေါ် အခြေအနေ ကြေငြာခဲ့သည့်အတွက် ပုဂ္ဂလိကစားသုံးမှုအပိုင်း တဆက်တည်းကျဆင်းနေခဲ့သည်ကို တွေ့ရပြီး ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်မှု အဝင်/အထွက် ပိတ်ပင်တားမြစ်ခဲ့ခြင်းများကြောင့် ပို့ကုန်ကဏ္ဍ သိသိသာသာ ကျဆင်းခဲ့ပါသည်။ Nominal GDP အနေဖြင့်လည်း သုံးလပတ်နှိုင်းယှဉ်သုံးသပ်ချက်အရ ၇.၄ % ကျဆင်းခဲ့ပြီး သုံးလပတ်ကာလ ၃ ကြိမ်ဆက်တိုက် ကျဆင်းခဲ့သည့် ပမာဏဖြစ်ကြောင်း သိရပါသည်။ ဂျပန်နိုင်ငံ၏ စီးပွားရေးသည် အခြားသော နိုင်ငံအများစုနည်းတူ ဧပြီ-မေလအတွင်း အလွန်ကျဆင်းခဲ့ပြီးနောက် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ပြန်လည်မြင့်တက်လာခဲ့ပါသည်။





ရင်းမြစ်။ The Cabinet Office of Japan, The Ministry of Economy, Trade and Industry.

(ဃ) **ကုန်သွယ်မှုအခြေအနေ**

၈။ ဂျပန်နိုင်ငံ၏အဓိက မိတ်ဖက် ပို့ကုန်တင်ပို့သည့်နိုင်ငံများနှင့် ကုန်သွယ်မှု ပြန်လည် ဆောင်ရွက်ခဲ့သည့်အတွက် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ဆက်စပ်ပစ္စည်း တင်ပို့မှုများ ပြန်လည်မြင့်တက်လာခဲ့ပါသည်။ ဒေသများအနေဖြင့် အာရှတိုက်နိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့သို့ ပို့ကုန်တင်ပို့မှုများ မြင့်တက်လာခဲ့ပါသည်။ ဝန်ဆောင်မှုကုန်သွယ်ရေးဖြစ်သည့် ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်းသည် ကိုရိုနာကပ်ရောဂါ ပြန့်ပွားမှုဒဏ်ကြောင့် အထိနာခဲ့ပြီး နိုင်ငံတကာခရီးသွားဝင်ရောက်မှုသည် ၉၉.၉% အထိ ကျဆင်းသွားခဲ့ပါသည်။

၉။ ကာလတိုသုံးသပ်ချက်အနေဖြင့် ကိုရိုနာပြန့်ပွားမှု ထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် နယ်စပ်ဂိတ်များ ပိတ်ထားခြင်း၊ နိုင်ငံတကာ လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းထားခြင်းတို့ ဆက်လက်ဆောင်ရွက်နေသော်လည်း အခြားသော နိုင်ငံတကာ မိတ်ဖက်များ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ် ဆောင်ရွက်မှုများကြောင့် ပို့ကုန်များအပိုင်း ပြန်လည်မြင့်တက်လာသော်လည်း အဆိုပါ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် အားနည်းချက်/အားသာချက်များကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

၁၀။ အဓိကသွင်းကုန် မိတ်ဖက်နိုင်ငံများ ဖြစ်ကြသည့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂနိုင်ငံများမှ သွင်းကုန်များ ဝင်ရောက်မှု အားနည်းပါးနေပြီး ကာလတိုသုံးသပ်မျှော်မှန်းချက်အနေဖြင့် လူမှုစီးပွားရေးဆောင်ရွက်ချက်များ ပြန်လည်စတင်နေပြီဖြစ်၍ သွင်းကုန်ကဏ္ဍ ပြန်လည် မြင့်တက်လာနိုင်ပါသည်။ သွင်းကုန်အပိုင်းသည်လည်း ပြန်လည် မြင့်တက်လာခဲ့ပြီး ကုန်စည်နှင့်ဝန်ဆောင်မှုအချိုးမှာ ဟန်ချက်ညီမျှမှုမရှိဖြစ်နေဆဲဖြစ်ပါ သည်။




ရင်းမြစ်။ The Ministry of Economy, Trade and Industry. The Ministry of Finance, National Bureau of Statistics of Japan.

၁၁။ မိသားစုများ၏ ဝင်ငွေနှင့် အသုံးစရိတ်များဆိုင်ရာ (demand-side statistics) စစ်တမ်းကောက်ယူခြင်းနှင့် ကုန်ထုတ်လုပ်မှုနှင့် တင်ပို့မှုဆိုင်ရာ (supply-side statistics) စစ်တမ်းကောက်ယူခြင်းများနှင့်ပတ်သက်သည့် စာရင်းဇယားအချက်အလက်များအရ ပြီးခဲ့သည့် ဇွန်လတွင် ၉.၄ % ပြန်လည်မြင့်တက်လာခဲ့ပြီး လက်ရှိအခြေအနေတွင် ၁၃% ထိ မြင့်တက်လာခဲ့ပါသည်။ ကူးသန်းရောင်းဝယ်ရေးအပိုင်း စစ်တမ်းကောက်ယူမှု စာရင်းဇယားများအရ လက်လီရောင်းချမှုမှာလည်း ၁၃.၁ % ခန့် မြင့်တက်လာကြောင်း သုံးသပ်ဖော်ပြထားပါသည်။

(င) **ကုန်ထုတ်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများအခြေအနေ**

၁၂။ ပြည်ပပို့ကုန်ကဏ္ဍ နာလန်ထူလာမှုကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည်လည်း တိုးမြှင့်ဆောင်ရွက်လာနိုင်ကြောင်းတွေ့ရပါသည်။ ခန့်မှန်းသုံးသပ်ချက်များအရ ကုန်ထုတ်လုပ်မှုများသည် စက်တင်ဘာလတွင်လည်း ဆက်လက် တိုးတက်လာနိုင်ပါကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍမဟုတ်သည့် အခြားသော စီးပွားရေးကဏ္ဍများသည်လည်း ပြည်တွင်းစီးပွားရေး နာလန်ထူလာမှုနှင့်အတူ တိုးတက်လာကြောင်း သိရပါသည်။ သို့သော်လည်း လုပ်ငန်းမှ အကျိုးအမြတ်ရရှိမှုသည် ယခုနှစ်အတွင်းသိသိသာသာ ကျဆင်းနေဆဲဖြစ်ပါကြောင်းနှင့် အဆိုပါအခြေအနေများတွင် ကုမ္ပဏီများလည်ပတ်မှုအတွက် အစိုးရဘဏ္ဍာရေးအဖွဲ့အစည်းများမှ ထောက်ပံ့ပေးနေသည့် ငွေကြေးစီးဆင်းမှုသည် ပုံမှန်ရှိနေကြောင်း သုံးသပ်ထားပါသည်။

(စ) **စီးပွားရေးလုပ်ငန်းပိုင်း ရင်းနှီးမြှုပ်နှံမှုစီမံချက်ဆောင်ရွက်နေမှု နှင့် အစိုးရပိုင်းရင်းနှီးမြှုပ်နှံမှုများအခြေအနေ**

၁၃။ ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးလုပ်ငန်းပိုင်း ရင်းနှီးမြှုပ်နှံမှုစီမံချက်၏ အချက်အလက်များအားလုံးကို ခြုံငုံသုံးသပ်ပါက ပြည်တွင်းရှိကုမ္ပဏီများအနေဖြင့် လုပ်ငန်းအမြတ်ငွေ လျော့ကျလာမှုများနှင့် မသေချာမရေရာသည့် အနာဂတ် အခြေအနေများကို အထူးသတိပြုရန် အကြံပေးချက်များ ပါဝင်ပါကြောင်း၊ သို့သော်လည်း ၂၀၂၀ ဘဏ္ဍာရေးနှစ်၏ software အပိုင်းရင်းနှီးမြှုပ်နှံမှုစီမံချက်မှာမူ တိုးတက်သည့် အလားအလာတွင် ရှိနေပါကြောင်း၊ အစိုးရပိုင်း ရင်းနှီးမြှုပ်နှံမှုသည် ကဏ္ဍရပ်အလိုက် ဘတ်ဂျက်များ စီမံခန့်ခွဲ ဆောင်ရွက်နေမှုကြောင့် ပုံမှန် လည်ပတ်ဆောင်ရွက်နေကြောင်းနှင့် အဆိုပါဆောင်ရွက်ချက်များသည် နိုင်ငံ၏ စီးပွားရေး ထောက်မပေးနိုင်မည့် အလားအလာကောင်းများအဖြစ် ဆက်လက်ရပ်တည်နေရန် မျှော်လင့်နေကြပါသည်။

(ဆ) **ကုန်ထုတ်လုပ်ငန်းများအခြေအနေ**

၁၄။ စက်မှုကုန်ထုတ်လုပ်ငန်းများအနေဖြင့် အချို့သောကဏ္ဍများတွင် တိုးတက်လာခဲ့ပါသည်။ ပြီးခဲ့သည့် ဇွန်လက ၁.၉ % တိုးတက်လာခဲ့ပြီး ဇူလိုင်လအတွင်း ကုန်ချော ထုတ်လုပ်မှုများမှာ ၁၁.၃ % နှင့် ဩဂုတ်လတွင် ၁၃.၄ % တိုးတက်လာကြောင်း စစ်တမ်းသုံးသပ်ချက်အရ သိရပါသည်။ လုပ်ငန်းအမျိုးအစားများအနေဖြင့် သယ်ယူပို့ဆောင်ရေးအပိုင်း ပစ္စည်းများ ထုတ်လုပ်ခြင်းသည် ပြန်လည်မြင့်တက်လာပြီး စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်မှုမြင့်တက်လာပြီး လျှပ်စစ်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်မှုသည် တိုးတက်မှုမရှိဘဲ ပုံမှန်သာရှိနေပါသည်။

၁၅။ ကာလတို မျှော်မှန်းသုံးသပ်ချက်အနေဖြင့် ထုတ်လုပ်မှုများ ဆက်လက် မြင့်တက်လာနိုင်ပါကြောင်း၊ သို့သော်လည်း အခြားသော နိုင်ငံများ၏ စီးပွားရေးအတက်အကျအခြေအနေ၊ ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်အပေါ် ကိုရိုနာဗိုင်းရပ်ဂယက်ရိုက်ခတ်မှု အခြေအနေတို့ကို အပြည့်အဝ စောင့်ကြည့် သုံးသပ်ရန် လိုအပ်ပါသည်။ ကိုရိုနာကပ်ရောဂါ ဂယက်ကြောင့် လုပ်ငန်းမှ အမြတ်ငွေရရှိမှုသည် ဆက်လက်ကျဆင်းနေပြီး စီးပွားရေးလုပ်ငန်းများ ဒေဝါလီခံရမှုများလည်း ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းမှ အမြတ်ငွေရရှိမှုနှင့်ပတ်သက်၍ ဂျပန်ဗဟိုဘဏ်က ဆောင်ရွက်နေသည့် တန်းကန်း စစ်တမ်းကောက်ယူမှုအရ ၂၀၂၀ ဘဏ္ဍာနှစ်၏ ပထမနှစ်ဝက်အထိ ရောင်းချရမှုများမှာ ၆.၄ % ခန့် လျော့ကျသွားနိုင်ပြီး ဒုတိယနှစ်ဝက်တွင် ၁.၄ % ခန့် ဆက်လက်လျော့ကျနိုင်မည်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။

(ဇ) **အလုပ်အကိုင်အခြေအနေ**

၁၆။ ပြီးခဲ့သည့် မေလနှင့် ဇူလိုင်လအကြား အလုပ်အကိုင်အရေအတွက် ၂၃၀,၀၀၀ ခန့်ထိ တိုးတက်လာခဲ့ပြီး ပြည်တွင်းကိုရိုနာကူးစက်မှုများပြားချိန် ဧပြီလအတွင်း အလုပ်မှ ယာယီ ခွင့်ယူမှုများအနေဖြင့် ၄.၄၅ သန်းခန့်ထိ ရှိခဲ့ကြောင်း သိရပါသည်။ အလုပ်အကိုင်ကြော်ငြာမှုများသည်လည်း ဇူလိုင်လမှ စတင်ကာ မြင့်တက်လာခဲ့ပါသည်။

(ဈ) **နေ့စဉ်နေထိုင်မှုဘဝတွင် “New normal” ကို လက်ခံကျင့်သုံးရန် ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများ**

၁၇။ ယခင် ၂၀၁၉ ဘဏ္ဍာနှစ်နှင့် နှိုင်းစာပါက တည်းခိုနေထိုင်မှုအခြေအနေမှာ ဆက်လက်ကျဆင်းနေပြီး “Travelling in the New Normal” လက်ခံကျင့်သုံးနေထိုင်မှု မြှင့်တင်ရန်နှင့် ဗိုင်းရပ်စ်ကူးစက်မှုတားဆီးကာကွယ်ခြင်းနှင့် လူမှုစီးပွားဘဝ ဆောင်ရွက်ချက်များ အဆင်ပြေပြေဆောင်ရွက်နိုင်ခြင်းတို့အကြား သဟဇာတဖြစ်ရန်မှာ အလွန်အရေးကြီးလှပါသည်။

၁၈။ နေ့စဉ်လူနေထိုင်မှုဘဝတွင် “the new normal” ကို နိုင်ငံသားအားလုံး လက်ခံကျင့်သုံးနိုင်ရန်၊ စီးပွားရေးလုပ်ငန်းများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နှင့် စီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန် ဂျပန်အစိုးရက ဘဏ္ဍာရေးပံ့ပိုးမှုအစီအမံများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အားပေး ဆောင်ရွက်ချက်များနှင့် စည်းမျဉ်းပိုင်းဖြေလျော့ဆောင်ရွက်ပေးနေပါသည်။

၁၉။ ထို့အပြင် ဂျပန်အစိုးရက “the new normal” ကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးရေးနှင့် ပတ်သက်သည့် လုပ်ငန်းစီမံချက်ကို ယခုနှစ်အကုန်ခန့်တွင် အကောင်အထည်ဖော်ရန် ပြင်ဆင်နေပါသည်။ အဆိုပါစီမံချက်တွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှု မြှင့်တင်ဆောင်ရွက်ရေး၊ လူသားအရင်းအနှီးနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရေး၊ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်သည့် လူနေမှုပုံစံသစ် ဖော်ဆောင်ရေးကို ဦးစားပေးဆောင်ရွက်မည် ဖြစ်ပါသည်။

(ည) **နေ့စဉ်နေထိုင်မှုအတွက် COVID-19 နှင့် အတူယှဉ်တွဲနေထိုင်နိုင်ရေး လူနေမှုပုံစံသစ်ဆိုင်ရာ ဥပမာများ**

၂၀။ **စီးပွားရေးလုပ်ငန်းများအတွက် သီးသန့်ညွှန်ကြားချက်များ။** စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့အတွက် သီးသန့်ညွှန်ကြားထားသည့် ဗိုင်းရပ်စ်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ လုပ်ငန်းဆောင်ရွက်ကြရပါမည်။ အရေးပေါ်ကာလပြီးဆုံးပြီးနောက် ညွှန်ကြားချက်များနှင့်ကိုက်ညီစွာ လုပ်ငန်းပြန်လည်ဖွင့်လှစ်ဆောင်ရွက်ပြီး အစုလိုက်အပြုံလိုက် ဗိုင်းရပ်စ်

ကူးစက်မှုမရှိသည့် ကာယလေ့ကျင့်ခန်းဆောင်ရွက်သည့်လုပ်ငန်းများကို လုပ်ငန်းတည်တံ့စေရေးအတွက် ထောက်ပံ့ကြေးငွေ အများဆုံး ယန်း ၂ သန်း (သို့မဟုတ်) အခြားသောပံ့ပိုးမှုနည်းလမ်းများဖြင့် ထောက်ပံ့ပေးဆောင်ရွက်ပေးနေပါသည်။

၂၁။ **စည်းမျဉ်းများဖြေလျှော့ပေးခြင်း ။** လမ်းမပေါ်တွင် ဖွင့်လှစ်ရောင်းချ အသက်မွေးဝမ်းကျောင်းပြုသည့် စားသောက်ဆိုင်များနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လာမည့်နိုဝင်ဘာလ အထိ takeout ရောင်းချခြင်းနှင့် ဆိုင်းခန်းအပြင်ဘက် ခင်းကျင်းရောင်းချခြင်းကို ဖြေလျှော့ခွင့်ပြုသွားမည်ပါသည်။ ဆိုင်ခန်းအပြင်ဘက်ခင်းကျင်းရောင်းချပြီး ရောင်းချသည့်နေရာတဝိုက်သန့်ရှင်းရေးပြုလုပ်သည့် စီးပွားရေးလုပ်ငန်းများကို နေရာငှားရမ်းခ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါသည်။

၂၂။ နေအိမ်အရောက်ပို့ဆောင်သည့်စနစ် ပိုမိုကျယ်ပြန့်လာစေရန် အစားအသောက်များကို အငှားယာဉ်တစ်မျိုးမျိုးဖြင့် ပို့ဆောင်ပေးခြင်းကို စက်တင်ဘာလကုန်အထိ ခွင့်ပြုထားမည်ဖြစ်ပြီး ခွင့်ပြုချက်ရ ဆေးဝါးများပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းအတွက် တရားဝင်ခွင့်ပြုထားသည့် အသိအမှတ်ပြုထောက်ခံချက်ပါရှိရမည်ဖြစ်ပါသည်။

၂၃။ **လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်နေမှု။** ဂျပန်အစိုးရအနေဖြင့် နိုင်ငံသားအားလုံး “the new normal” နှင့်အညီ နေထိုင်တတ်စေရေး လုပ်ငန်းစီမံချက်ကို အကောင်အထည်မှုနှင့် ပတ်သက်၍ အောက်ပါအချက်များကို ၂၀၂၀ ဘဏ္ဍာနှစ်ကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်သည် -

(က) ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့် အသုံးချဆောင်ရွက်မှုအတွက် ကြိုးပမ်း ဆောင်ရွက်ခြင်း၊

(ခ) ပြည်တွင်းစီရင်စုအားလုံး လူမှုစီးပွားဘဝ ပြန်လည်အားကောင်းလာစေရေး၊

(ဂ) လူသားအရင်းအနှီးနှင့် တီထွင်ဆန်းသစ်မှုကို ကြိုးပမ်းချဲ့ထွင်ဆောင်ရွက်ရေး၊

(ဃ) နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်သည့် လူမှုဘဝပုံစံသစ် အကောင်အထည် ဖော်ဆောင်ရေး၊


(င) ကမ္ဘာကြီး၏ နေထိုင်မှုပုံစံအသစ်တွင် ဂျပန်နိုင်ငံအနေဖြင့် ခိုင်မာအားကောင်းသည့် စီးပွားရေးအဖြစ် ဖော်ဆောင်ရေး၊

**ရင်းမြစ်။ Kyushu Economic Research Center**

## (ဠ) ပုဂ္ဂလိက စားသုံးမှုအခြေအနေ

၂၄။ ပုဂ္ဂလိကစားသုံးမှုအပိုင်းအနေဖြင့် ပြီးခဲ့သည့် ပထမသုံးလပတ်ကာလအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရန် ဂျပန်အစိုးရက တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေကြေငြာခဲ့ပြီး မလိုအပ်ဘဲ နေအိမ်အပြင်မထွက်ကြရန် ညွှန်ကြားခဲ့သည့်အတွက် ကျဆင်းခဲ့ပြီး ယခု သုံးလပတ်ကာလတွင် ပြန်လည်မြင့်တက်လာခဲ့ပါသည်။ အထူးသဖြင့် အိမ်သုံးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ အိုင်တီပစ္စည်းများသုံးစွဲမှု မြင့်တက်လာပါသည်။

၂၅။ သို့သော် ဩဂုတ်လအတွင်း ပြည်တွင်းဗိုင်းရပ်စ်ကူးစက်မှုများ ဆက်လက် မြင့်မားနေခြင်းနှင့် သဘာဝဘေးအန္တရာယ်အခြေအနေများကြောင့် ပုဂ္ဂလိက စားသုံးမှုအပိုင်းအနေဖြင့် လွန်ခဲ့သည့် သုံးနှစ်က ကာလတူအခြေအနေနှင့် နှိုင်းစာပါက ကျဆင်းနေကြောင်း သုံးသပ်ရပါသည်။ အဆိုပါအခြေအနေများ ရင်ဆိုင်ကျော်လွှားနိုင်ရန် အစိုးရက ငွေသားပံ့ပိုးမှုများ၊ စီးပွားရေးလုပ်ငန်းများ ရေရှည် တည်တံ့စေရေး ပံ့ပိုးငွေအစီအမံများ၊ အလုပ်အကိုင်ထိန်းညှိရေးပံ့ပိုးမှုများနှင့် အရေးပေါ်ရံပုံငွေအစီအမံများ အစရှိသည့် အထူးအစီအမံများ ချမှတ်ဆောင်ရွက်ပေးခြင်းဖြင့် ပုဂ္ဂလိကစားသုံးမှုအပိုင်း ပြန်လည်မြင့်တက်လာရေး ကြိုးပမ်းဆောင်ရွက်နေပါသည်။




| | Budget amount <Trillion yen> | Amount paid (latest survey date) <Trillion yen> | Number of benefits paid or determined to pay |
|---|---|---|---|
| Special Cash Payments | 12.9 | 12.6(8/21) | 58million households (98.6%) |
| Subsidy Program for Sustaining Businesses | 5.2 | 4.0(8/21) | 3.1 million |
| Employment adjustment subsidies | 1.6 | 1.0(8/21) | 813 thousand (8/25) |
| Emergency small amount fund etc | 0.4 | 0.3(8/15) | 924 thousand |
| Total | 22.7 | 17.9 | — |

ရင်းမြစ်။ Cabinet Office, Ministry of Economy, Trade and Industry; Japan Automobile Dealers Association; Japan Light Motor Vehicle and Motorcycle Association; Macromill Inc.

## (၄) ကုန်စျေးနှုန်းများနှင့် ငွေကြေးစျေးကွက်အခြေအနေ

၂၆။ ယခု ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း Producer price များမှာ ပြန်လည်မြင့်တက်လာခဲ့ပြီး Consumer price များမှာမူ ထူးခြားမှုမရှိပဲ ရပ်တန့်နေပါသည်။ ယေဘုယျအားဖြင့် စားသောက်ကုန်နှင့်စွမ်းအင်စျေးနှုန်းများမှာ ပုံမှန်အတိုင်းဖြစ်နေပြီး ကလေးငယ်ပြုစု စောင့်ရှောက်မှုနှင့် မူကြိုပညာရေးတို့တွင် အခမဲ့နှုန်းထားတို့ကြောင့် Consumer price များမှာ ထူးခြားတိုးတက်မှုမရှိကြောင်း တွေ့ရပါသည်။

၂၇။ စတော့ရှယ်ယာစျေးနှုန်းများအနေဖြင့် နစ်ကေးပျမ်းမျှ အညွှန်းကိန်းသည် ယန်း ၂၂၇၀၀ မှ ယန်း ၂၁၇၀၀ အဆင့်သို့ ကျဆင်းပြီးနောက် ဩဂုတ်လအတွင်း ယန်း ၂၃၂၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့ပါသည်။ အမေရိကန်ဒေါ်လာငွေလဲနှုန်းမှာ ယခင်က တစ်ဒေါ်လာလျှင် ၁၀၅ ယန်းမှ ၁၀၄ ယန်း သို့ မြင့်တက်သည့် အနေအထားမှ ၁၀၆ ယန်းသို့ ကျဆင်းသွားခဲ့ကြောင်း သိရပါသည်။

## (၃) သုံးသပ်တင်ပြချက်

၂၈။ ဂျပန်နိုင်ငံအစိုးရက နိုင်ငံ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခြေအနေ တည်ငြိမ်လာစေရေး ဘက်စုံမူဝါဒများ ချမှတ်ကာ ပံ့ပိုးဆောင်ရွက်နေသော်လည်း ယခုဒုတိယ သုံးလပတ်ကာလတွင်လည်း နိုင်ငံ၏ စီးပွားရေးမှာ ဆက်လက်ထိုင်းမှိုင်းနေဆဲဖြစ်ကြောင်း သုံးသပ်

နေကြပါသည်။ အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်ချက်အရ ဂျပန်၏စီးပွားရေးသည် နှစ်အလိုက် တိုးတက်မှုနှုန်းများကို အခြေခံ၍ တွက်ချက်ပါက ပကတိအားဖြင့် ဩဂုတ်လတွင် အနုတ် ၂၇.၈ % လျော့ကျခဲ့ပြီး အဓိက အကြောင်းအရင်းမှာ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သုံးစွဲမှုအပိုင်း အကြီးမားဆုံး ကျဆင်းမှုကြောင့်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေး မတည် မငြိမ်ဖြစ်နေမှုကြောင့် စီးပွားရေးလုပ်ငန်းအများစုသည် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရန် ရပ်ဆိုင်းနေကြပါကြောင်း၊ ထို့အပြင် ဂျပန်နိုင်ငံ GDP ၏ ထက်ဝက်ကျော်ရှိသည့် ပုဂ္ဂလိက စားသုံးမှု အခြေအနေသည်လည်း အကြီးအကျယ် ထိခိုက်ခဲ့ခြင်းကြောင့်လည်း ဖြစ်ကြောင်း သုံးသပ်ရပါသည်။

၂၉။ ထို့အပြင် ဩဂုတ်လနောက်ဆုံးအပတ်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ရာထူးမှ နှုတ်ထွက်မည်ဟု တရားဝင်ကြေငြာခဲ့ပြီးနောက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအကြား စိုးရိမ်မှုများ မြင့်တက်လာကြောင်း တွေ့ရပါသည်။ နောက်တာဝန်ဆက်ခံမည့် ဝန်ကြီးချုပ် အသစ်အနေဖြင့် မစ္စတာအာဘေးချမှတ်ခဲ့သည့် Abenomics လမ်းကြောင်းကို ဆက်လက် အကောင်အထည်ဖော်ခြင်း ရှိ/မရှိ၊ စီးပွားရေးလုပ်ငန်းများအတွက် ကိုရိုနာကပ်ရောဂါ တုန့်ပြန်ရေး အရေးပေါ်အစီအမံများဖြင့် ပံ့ပိုးပေးမည့် ဆောင်ရွက်ချက်များ ဆက်လက် တာဝန်ယူမှု ရှိ/မရှိ နှင့် ဂျပန်ဗဟိုဘဏ်ကလည်း ငွေကြေးဈေးကွက် တည်ငြိမ်မှုရှိစေရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိစေရေးတို့အတွက် ဖြေလျှော့မှုများ ဆက်လက် ဆောင်ရွက်ခြင်းရှိ/မရှိ ဟူသည့် အာရုံစိုက်မှုများ ပိုမိုမြင့်တက်လာနေကြောင်း သိရပါသည်။

၃၀။ ကမ္ဘာတစ်လွှားပြန့်ပွားနေသည့် ကိုရိုနာကပ်ရောဂါ ဂယက်ကြောင့် အနာဂတ်ကာလ၌ ဂျပန်နိုင်ငံနှင့် အခြားသောနိုင်ငံများ၏ အလုပ်အကိုင်ကဏ္ဍ၊ ဝင်ငွေကဏ္ဍ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍနှင့် အရင်းအနှီးဈေးကွက်များကို ဆက်လက် ထိခိုက် လာနိုင်သဖြင့် အတက်အကျများကို အထူးအာရုံစိုက် လေ့လာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့တဝှမ်း ဗိုင်းရပ်စ်ပြန့်ပွားနေမှုကြောင့် ဂျပန်နိုင်ငံ၏ နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီး မြှုပ်နှံမှုအပိုင်းတွင် ဆက်လက်အားနည်းနေမှုများ၊ ခရီးသွားလုပ်ငန်း ဆက်လက်ကျဆင်း

နေမှုများ၊ ဒေသတွင်း ပထဝီနိုင်ငံရေးအပိုင်း တင်းမာနေမှုများ၊ ရုံဖန်ရုံခါ ရင်ဆိုင်တွေ့ကြုံနေရသည့် သဘာဝဘေးအန္တရာယ်များ စသည်တို့ကြောင့် လက်ရှိဂျပန်နိုင်ငံ၏ စီးပွားရေးသည် ပထမသုံးလပတ်ကာလကထက် အနည်းငယ်တိုးတက်လာသော်လည်း ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် ဆက်လက်ထိုင်းမှိုင်းနေမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ကိုးကားချက်။ ဂျပန်နိုင်ငံ၊ အစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်သည့် Recent Economic Developments (August, 2020) ဆိုင်ရာ အချက်အလက်များ**

Nanda
11/9/2020

နန္ဒာဝင်း

(စီးပွားရေးသံမှူး)

မြန်မာသံရုံး၊ တိုကျိုမြို့